# နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အတွက် ကျင့်ဝတ်

# Code of Conduct
# for political parties and candidates

၂၀၁၅ခုနှစ်၊ဇွန်လ

# နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်

- ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၂၁) ရက်တွင် နိုင်ငံရေးပါတီများ အားလုံးမှ ဆုံးဖြတ်ခဲ့သော ကျင့်ဝတ်မူများကိုအခြေခံ၍
- ယာယီလုပ်ငန်းကော်မတီ (FDA, NBF, NLD, NUP, UNA နှင့် USDP) မှ မူကြမ်းရေးဆွဲခဲ့ပြီး
- ၂၀၁၅ မတ်လ(၃၁)ရက်နေ့တွင် နိုင်ငံရေးပါတီများအားလုံးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ၂၀၁၅ ဧပြီလတွင် ပြန်လည်သုံးသပ်ခဲ့ပါသည်။ (ဥပဒေသုံးသပ်ချက်)
- ၂၀၁၅ မေလ (၁၅) ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး နိုင်ငံရေး ပါတီများအားလုံးမှ သဘောတူလက်ခံခဲ့ပါသည်။
- ၂၀၁၅ ဇွန်လ (၂၆) ရက်နေ့တွင် ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

✦

# Code of Conduct for political parties and candidates

- based on the principles decided by all political parties on 21st October 2014
- drafted by the ad-hoc Working Committee (FDA, NBF, NLD, NUP, UNA, USDP)
- consulted with all political parties on 31st March 2015
- reviewed by the UEC in April 2015 (legal review)
- consulted and accepted by all political parties on 15th May 2015
- signed on 26th of June 2015 in Yangon.

## ၁။ နိဒါန်း

၁။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် အရေးကြီးသော မှတ်တိုင်တစ်ခု ဖြစ်သည့်အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ သမိုင်းဝင် ဒီမိုကရေစီအသွင် ကူးပြောင်းမှုတွင်လည်း ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ဤအခင်းအကျင်းအောက်တွင် နိုင်ငံရေးပါတီများသည် ဒီမိုကရေစီကျသော ဆွေးနွေးမှုများ ဖြစ်ထွန်းရေး၊ မတူကွဲပြားမှုကို အသိအမှတ်ပြုလက်ခံပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ရေးဆီသို့ အထောက်အကူပြုမည်ဟု သဘောတူဆုံးဖြတ်သည်။



## 1. Preamble

1. The 2015 election is an important milestone and a step in the historic democratic transition of the Republic of the Union of Myanmar. In this context, political parties commit to fostering democratic dialogue and to cooperating together accepting and recognising diversity.

၂။ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများဆိုင်ရာ ဤကျင့်ဝတ်သည် နိုင်ငံရေးပါတီများအားလုံး၏သဘော တူညီချက်ဖြင့် ရေးဆွဲထားပြီး၊ ၎င်းတို့ကို လက်တွေ့ အကောင်အထည်ဖော်ကြမည် ဖြစ်သည်။ ဤကျင့်ဝတ် သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ၊ မဟာမိတ် အဖွဲ့များ၊ ညွန့်ပေါင်းပါတီများနှင့် ရွေးကောက်ပွဲဝင် တသီးပုဂ္ဂလများ (နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများ အပါအဝင်) အားလုံးက လိုက်နာရမည့်ကျင့်ဝတ် ဖြစ်သည်။ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များနှင့် အဖွဲ့ အစည်းများကို 'ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများ' ဟူ၍ရည်ညွှန်းပါမည်။ ဤကျင့်ဝတ်ပါ အချက်အလက် များကို စာသားအားဖြင့်သော် လည်းကောင်း၊ အနှစ်သာရ အားဖြင့်သော်လည်းကောင်း လိုက်နာကြရမည်။



2. The Code of Conduct for political parties and candidates (the "CoC") is a set of ethical principles developed with the consensus of political parties. The political parties have consented to follow these principles. This CoC will apply to political parties officially registered in the Republic of the Union of Myanmar, political parties' alliances, coalitions of parties and independent candidates running in the elections (including but not limited to political parties' officials, election candidates, members, agents, and representatives), referred to here as the "Parties" . The Parties will observe the content of this CoC in both letter and spirit.

၃။ ဤကျင့်ဝတ်၏ အရေးအကြီးဆုံး ရည်မှန်းချက်များမှာ ရွေးကောက်ပွဲ လုပ်ငန်းစဉ် အောင်မြင်စေရေးကို အထောက်အကူ ဖြစ်စေရေး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် စဉ်ဆက်မပြတ်ရှိစေရေး၊ သက်ဆိုင်ရာလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများအကြား ယုံကြည်မှုတည်ဆောက်ရေး၊ သည်းခံမှုဖြင့် အပြုသဘောဆောင်သော အခြေအနေတစ်ရပ် ဖြစ်ပေါ်လာစေရေး၊ ပွင့်လင်းလွတ်လပ်၍ တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်ပေါ်လာစေရေးတို့ဖြစ်သည်။ ထိုအခြေခံပေါ်တွင် ဤကျင့်ဝတ်ကိုလက်မှတ်ထိုးသူများသည် မည်သည့် မတူကွဲပြားမှုများရှိနေစေကာမူ ရွေးကောက်ပွဲ လုပ်ငန်းစဉ် အောင်မြင်ရေးကိုဦးတည်သော ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် မိမိဆန္ဒအလျောက် တာဝန်သိစိတ်ဖြင့် စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပါမည်ဟု ခိုင်မာစွာ သန္နိဋ္ဌာန်ပြုကြသည်။

၄။ ဤကျင့်ဝတ်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအစရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တည်ဆဲဥပဒေများနှင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူဘောင်အတွင်းတွင်သာ အကျုံးဝင်သည်။



3. The most important objectives of the CoC are: to contribute to the success of the electoral process; to ensure the continuity of that process; to build confidence among individuals, organizations and stakeholders involved in the process; to create a positive and tolerant atmosphere; and to encourage open, free and fair competition. On this basis, the Parties are determined to contribute responsibly, voluntarily and willingly to create an environment conducive to the success of the electoral process, irrespective of the differences in their positions.

4. This CoC sits within the framework of respect for the 2008 Constitution, and the laws and decisions of the official institutions of the Republic of the Union of Myanmar. These laws include as the Pyithu Hluttaw Law, the Amoytha Hluttaw Law, the State-Region Hluttaw Law and the Political Parties Registration Law.

၅။ ဤကျင့်ဝတ်သည် ၄င်းကိုလက်မှတ်ရေးထိုးသူများက မိမိတို့သဘောဆန္ဒအလျောက် သုံးစွဲမည့် လမ်းညွှန်ဖြစ်ပြီး ယခုကျင့်ဝတ်မှ အားပေးမြှင့်တင်ထားသည့် တန်ဖိုးများနှင့် အညီ အားထုတ်ဆောင်ရွက်ကြရန် ဖြစ်သည်။ ဤကျင့်ဝတ်သည် ဥပဒေအရ တာဝန်ယူ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်မဟုတ်သလို ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများအပေါ်တွင်လည်း ဥပဒေအရ စည်းနှောင်ထားခြင်း၊ ခံဝန်ကတိပြုစေနိုင်ခြင်း မရှိပေ။ ရှင်းလင်းစွာ ဖော်ပြရလျှင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း၌ လည်းကောင်း၊ အခြားနိုင်ငံများ၌ လည်းကောင်း ဥပဒေအရ အရေးယူဆောင်ရွက်ရန် သို့မဟုတ် တရားစွဲဆိုရန် ဤကျင့်ဝတ်ကို ဥပဒေအဖြစ် အသုံးမပြုနိုင်ပေ။ အကယ်၍ ဤကျင့်ဝတ်သည် တည်ဆဲ ဥပဒေ မူဘောင်များနှင့် ကွဲလွဲနေလျှင် တည်ဆဲဥပဒေကသာလျှင် လွှမ်းမိုးစေရမည်။

5. The CoC is a voluntary instrument for the use and guidance of the Parties, who will endeavour to act according to the values and principles it promotes. The CoC is not legally binding and does not impose any legal obligation on the Parties. For the avoidance of any doubt, the CoC cannot be used as a legal basis for any legal action or prosecution in the Republic of Union of Myanmar or in any other country. In case of any conflict or discrepancy between this CoC and the Myanmar legal and regulatory framework, the existing laws will prevail.

## ၂။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများ အားလုံးကို လေးစားရန်

၁။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အခြား လက်မှတ်ရေးထိုးသူများအားလုံး၏ အခွင့်အရေး များကို လေးစားရန် သဘောတူကြသည်။ အေးချမ်း သာယာစွာ မဲဆွယ်စည်းရုံးစေခြင်းအလို့ငှာ နိုင်ငံရေး ပါတီများသည် အခြား နိုင်ငံရေးပါတီများ၏ အခွင့် အရေးကို လေးစားရန်နှင့် လိုအပ်သော၊ ကျိုးကြောင်း ဆီလျော်မှုရှိသော အစီအမံများအားလုံးတို့ကို လုပ် ဆောင်ရန် သဘောတူသည်။



## 2. To respect all Parties contesting the elections

1. The Parties undertake to respect the rights of all other Parties to the CoC, and to take all necessary and reasonable measures to respect other Parties’ right to conduct their campaigns in an atmosphere of serenity.

၂။ ဖော်ပြပါ ရည်မှန်းချက် အထမြောက်အောင်မြင်စေရေးအတွက် ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အောက်ဖော်ပြပါ အချက်များကို လေးစားလိုက်နာဆောင်ရွက်ပါမည်ဟု ကတိကဝတ်ပြုသည်။

(က) ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ သက်ဆိုင်ရာနည်းဥပဒေများနှင့်အညီ အနှောင့်အယှက်မရှိ၊ ခြိမ်းခြောက်ခြင်းမရှိ၊ ဖိအားပေးခြင်းမရှိဘဲ၊ ငြိမ်းချမ်းစွာစုဝေးခြင်း၊ လူထုအစည်းအဝေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မဲဆန္ဒရှင်များနှင့် ထိတွေ့ခြင်း စသည့်ပါတီအသီးသီး၏ မူဝါဒလမ်းစဉ်များ နိုင်ငံရေး လုပ်ငန်းစဉ်များ တင်ပြခြင်း၊ မဲဆွယ်စည်းရုံးရန် လူထုဆက်သွယ်ရေး မီဒီယာအား လွတ်လပ်စွာအသုံးပြုခွင့်ရှိခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းများ၊ အသုံးအဆောင်များ ထုတ်ဝေဖြန့်ချိခြင်း စသည့် အခြားပါတီများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားအသိအမှတ်ပြုခြင်း။

(ခ) နိုင်ငံသားများ၏ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်နိုင်မှု အခွင့်အရေးကို လေးစားခြင်း။



2. To achieve this goal, the Parties are committed to respecting and promoting the following.

a. other Parties' right and freedom to: assemble peacefully and to hold public meetings; to campaign; to have access to and contact voters; to present their ideas, basic principles, and political agendas; to have free access to mass media for political canvassing; and to publish and distribute their electoral documents and materials without hindrance, intimidation or coercion, as set out in existing laws or regulations.

b. the right of citizens to participate in political activities;

(ဂ) ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုဆိုင်ရာ အချိန်ကာလ၊ ငွေကြေးသုံးစွဲမှု၊ မဲဆွယ်စည်းရုံးမှုတွင် ပါဝင်ဆောင်ရွက်မှု၊ မီဒီယာအသုံးပြုမှုနှင့် ပတ်သက်သော ဥပဒေများ၊ သက်ဆိုင်ရာ နည်းဥပဒေများမှ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အနှစ်သာရအတိုင်း လိုက်နာခြင်း။

(ဃ) အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၏ သမာသမတ်ကျခြင်း၊ ထို့အပြင် အများပြည်သူနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ပိုင်ဆိုင်သော ငွေကြေးအရင်းအမြစ်၊ လူသားအရင်းအမြစ်နှင့် အခြားသော ရုပ်ဝတ္ထုပစ္စည်းများကို မလျော်မကန် အသုံးမပြုရန် စည်းမျဉ်း၊ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်နှင့် ယင်းဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် ဩဇာလွှမ်းမိုးမှုကို ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး အကျိုးစီးပွားအလို့ငှာ မလျော်မကန် အသုံးပြုခြင်း၊ အလွဲသုံးစား ပြုလုပ်ခြင်းများကို ရှောင်ရှားခြင်း။



c. to follow the letter and the spirit of the procedures set out in laws and regulations with regard to the use of funds, the use of media, and participation in campaigning.

d. the neutrality of administrative or religious organizations, and the principle of not mis-using financial and human resources and materials of public and private institutions, the principle of non-abuse of the decision-making process, and mis-use of influence in the decision-making process for electioneering purposes.

၃။ ထို့အပြင် ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အောက်ဖော်ပြပါအချက်များကို လေးစားလိုက်နာရန် ကတိကဝတ် ပြုသည်။

(က) ငြိမ်းချမ်းသော၊ စည်းစနစ်ကျသော ရွေးကောက်ပွဲများ ဖြစ်မြောက်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ပေးအပ်ထားသူများနှင့် လက်တွဲဆောင်ရွက်ရန်။

(ခ) အတားအဆီး အဟန့်အတား သို့မဟုတ် အနှောင့်အယှက်မရှိဘဲ ပြည်သူများသည် ၄င်းတို့၏ မဲပေးပိုင်ခွင့်ကို အပြည့်အဝရရှိစေရန်။



3. In addition, the Parties are committed to

a. work with responsible staff of the Union Election Commission (the “UEC”) to ensure peaceful and well-organized elections, and;

b. ensure full freedom of voters in exercising their voting rights without being exposed to any form of harassment or hindrance.

## ၃။ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အခြားပါတီများနှင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ရန်

၁။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွင်း ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှုများ သို့မဟုတ် ပဋိပက္ခများနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများအကြား ငြိမ်းချမ်းသော ဆွေးနွေးအဖြေထုတ်မှုများကို လျင်မြန်စွာရရှိရန် တက်ကြွစွာ ဆောင်ရွက်ရမည်။ ပါတီများသည် တင်းမာမှုပိုမိုများလာစေနိုင်သော လုပ်ဆောင်မှုများ သို့မဟုတ် ကြေညာချက်များ ထုတ်ပြန်ခြင်းမှ ရှောင်ကြဉ်ရမည်။ အငြင်းပွားမှုများအတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအာဏာပိုင်များ၏ ဖြေရှင်းဆောင်ရွက်မှုများကို အနှောင့်အယှက်မဖြစ်စေရ။



## 3. To coordinate and cooperate with other Parties in settling disputes

1. The Parties shall actively seek rapid and peaceful dialogue for amicable resolution between Parties of any dispute or conflict that may arise during the electoral process. Parties shall refrain from actions or issuing statements that might fuel tensions. The parties shall not interfere with actions taken by the authorities of the Republic of the Union of Myanmar to resolve disputes.

၂။ လိုအပ်ပါက ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲများအတွက် ပူးပေါင်းဆောင်ရွက်ရန် လက်ခံသဘောတူသည်။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် နောက်ပိုင်းတွင်ရှိလာမည့် အကြံပြုဆွေးနွေးမှုများ၊ တာဝန်ခံဆောင်ရွက်မှုအားလုံးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုသည်။ အမျိုးသားရင်ကြားစေ့ရေး ရည်မှန်းချက်၊ ပူးပေါင်းဆောင်ရွက်မှုစိတ်ဓါတ်နှင့်အတူ ပါတီအကြီးအသေး၊ ယှဉ်ပြိုင်ဖက်ပါတီ၊ တိုင်းရင်းသားပါတီ၊ အစရှိသဖြင့် အခြားပါတီများအပေါ် ခွဲခြားဆက်ဆံမှုများ မရှိစေရ။

2. The Parties and the UEC undertake to cooperate for the elections as required. The Parties commit to participate actively in consultation and coordination mechanisms that may be established in the future. In this spirit of cooperation and with the aim of national reconciliation, there should be no discrimination against other Parties, whether small or big Parties, competing Parties and ethnic Parties.

## ၄။ <u>ပါတီမူဝါဒများနှင့် မတူကွဲပြားမှုအား မြှင့်တင်ပေးသော မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ရန်။</u>

**၄.၁။ မဲဆွယ်စည်းရုံးရေးကာလအတွင်း အခြားပါတီများအား အသရေဖျက်ခြင်း၊ ပုတ်ခတ်ခြင်း မပြုရန်**

ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အခြားပါတီမှခေါင်းဆောင်များ၊ ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် ထောက်ခံသူများအား ၎င်းတို့၏ ပုဂ္ဂလိကဘဝနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုကို ထိခိုက်စေသော မမှန်မကန် ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။ ထို့အပြင် ရွေးကောက်ခံ ကိုယ်စားလှယ်များကိုသော်လည်းကောင်း၊ ၎င်းတို့၏ မိသားစုဝင်တစ်ဦးဦးကိုသော်လည်းကောင်း လူမျိုး၊ ဘာသာရေး၊ ယုံကြည်မှု၊ ကျား-မ၊ လူမှုရေး၊ မွေးဖွားရာဒေသ၊ ပညာရေးအပြင် အခြားသော အလားတူ ကိစ္စများအပေါ်အခြေခံ၍ တစ်ဖက်သတ် ထင်မြင် ယူဆပြောဆိုခြင်း သို့မဟုတ် ပုတ်ခတ်ပြောဆိုခြင်း ရှောင်ကြဉ်ရမည်။ မိန့်ခွန်းနှင့် ကြေညာချက်များ ပြောဆိုထုတ်ပြန်ရာတွင် ယဉ်ကျေးသိမ်မွေ့သော၊ လေးစားသမှုရှိသော စကားလုံးများကို ပြောဆိုအသုံးပြုရမည်။



## 4. To campaign on party policies and promote diversity

**4.1. To not slander other Parties during the campaign**

The Parties shall refrain from incorrectly criticizing leaders, candidates and supporters of other Parties on the basis of aspects of their private lives. They will also refrain from making criticisms based on unverified allegations or facts that have been distorted, and from insulting or making tendentious innuendoes about the candidates or their family members based on race, religion, creed, gender, social or regional origin, education or any other similar reason. Polite and respectful language should be used in speeches and announcements.

**၄.၂။ပါတီမူဝါဒများနှင့် မတူကွဲပြားမှုအား မြှင့်တင်ပေးသော မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ရန်**

နိုင်ငံရေးပါတီ (သို့) ကိုယ်စားလှယ်လောင်း တစ်ဦးကို ဝေဖန်ပြောဆိုမှုများ ပြုလုပ်ရာတွင် သက်ဆိုင်ရာပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ မူဝါဒများ၊ လုပ်ငန်းစဉ်များအပြင် ကိုယ်စားလှယ်လောင်း၏ အတိတ်ဖြတ်သန်း လုပ်ဆောင်မှုများကိုသာ ဝေဖန်ပြောဆိုခွင့်ရှိသည်။ အခြေအမြစ်မရှိဘဲ (သို့) မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော ဝေဖန်ပြောဆိုမှုများ မပြုလုပ်ရ။ နိုင်ငံရေးပါတီတစ်ခု၏ ခေါင်းဆောင်တစ်ဦး သို့မဟုတ် နိုင်ငံရေးပါတီတစ်ခု၏ တက်ကြွလှုပ်ရှားသူတစ်ဦး၊ သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးအပေါ် ၎င်း၏ နိုင်ငံရေးတာဝန်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ မမှန်ကန်သော ဝေဖန်မှုများ၊ မှားယွင်းသော ဝေဖန်မှုများ မပြုလုပ်ရ။



**4.2 To campaign on party policies and promote diversity**

Criticism of any Party or candidate shall be confined only to the policies and programs of the Party or candidate and his/her past performances. No criticism may be made without basis or by distorting the facts. No incorrect or false criticism regarding personal matters unrelated to political responsibilities shall be made of political party leaders, activists and candidates.

## ၄.၃။ မဲဆွယ်စည်းရုံးမှုတွင် ဘာသာရေးနှင့် လူမျိုးရေး ဆိုင်ရာ ခွဲခြားဆက်ဆံမှုပြုသော သုံးနှုန်းပြောဆိုမှုများ မပြုရ။

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအခန်း (၂)၊ ပုဒ်မ ၆ (ဃ) နှင့်အညီ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ လူတစ်ဦးချင်း သို့မဟုတ် ပြည်သူလူထု၏ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားအပေါ် သက်ရောက်မှု ရှိစေနိုင်သော၊ ပဋိပက္ခ ဖြစ်စေနိုင်သော ရေးသားခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်းများ မပြုလုပ်ရန် ကတိကဝတ်ပြုသည်။



## 4.3. Not to use religious and racial discriminatory messages in campaigns

1. In line with the Political Parties Registration Law Chapter II (article 6d), the Parties commit to abstaining from “writing, delivering speech or organizing and instigating that can cause conflict or that can affect dignity and morals relating to nationality, religion, individual or public.”

၂။ နိုင်ငံရေးဆိုင်ရာ လူထုစည်းဝေးပွဲများ သို့မဟုတ် လူထုဆက်သွယ်ရေးမီဒီယာမှတစ်ဆင့် လူထုသို့ ဆက်သွယ်ပြောဆိုခြင်း၊ မိန့်ခွန်းပြောကြားခြင်း ပြုရာတွင် ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အောက်ပါအချက်များကို ရှောင်ကြဉ်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုပါသည်။

(က) မည်သည့် ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦး အကြားတွင်မဆို၊ လူအစုအဖွဲ့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အကြား၊ ယုံကြည်မှုတစ်ခုနှင့် တစ်ခုအကြားတွင်မဆို ပဋိပက္ခ ဖြစ်စေနိုင်သည့် ခြိမ်းခြောက်မှုကို ဖြစ်စေ၊ လှုံ့ဆော်မှုကိုဖြစ်စေ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်။

(ခ) မုန်းတီးမှုဖြစ်စေသော အသရေဖျက်ခြင်း သို့မဟုတ် အယူဝါဒဖောက်ပြန်သူ၊ နိုင်ငံတော်သစ္စာဖောက်သူ၊ အကြမ်းဖက်ဝါဒကျင့်သုံးသူ စသဖြင့် စွပ်စွဲခြင်း သို့မဟုတ် အလားတူ ဆိုးရွားသော စွပ်စွဲချက်များ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်။

2. The Parties commit themselves, when addressing the public at political rallies or as part of their communications through mass media, including the social media, to refrain from:

a) any form of intimidation or incitement to violence vis-à-vis any person or group of persons or beliefs;

b) defamation and incitement to hatred, or accusation of apostasy, treason, terrorism or any other similar serious charges;

(ဂ) အမျိုးသားစည်းလုံးမှုကို ခြိမ်းခြောက်လာနိုင်သည့် ဒေသစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစု စွဲကြီးမှုကို ပိုမိုကြီးမားအောင် လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရန်။

(ဃ) စော်ကားခြင်း၊ အသရေပျက်စေရန် ရေးသားခြင်း၊ သိက္ခာကျအောင် လုပ်ဆောင်ခြင်းတို့မှ ရှောင်ကြဉ်ရန်။

၃။ မဲဆွယ်စည်းရုံးမှုတစ်ခုသည် ဘာသာတရား၊ လူမျိုး စု၊ ကျား-မ၊ ဘာသာစကား၊ လူမှုအသိုင်းအဝန်းအကြား အမုန်းပွားမှုကို အားပေးသည့် ပုံစံမဖြစ်စေရ။

၄။ အခြေခံဥပဒေပုဒ်မ ၄၀၇(ဃ)ကို လေးစားလိုက်နာလျက် ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမပြုရ။ အကယ်၍ မဲဆွယ်စည်းရုံးရန်အတွက် နေရာမရှိပါက ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် သက်ဆိုင်ရာဘာသာရေးအဖွဲ့အစည်းများ၏ သဘောတူညီချက်ဖြင့် ဘာသာရေး အဆောက်အဦများအတွင်းရှိ လူမှုရေးကိစ္စများအတွက်သာ အသုံးပြုသော နေရာများကို မဲဆွယ် စည်းရုံးရာတွင် အသုံးပြုနိုင်သည်။



c) fuelling regionalist, racial, sectarian or tribal trends that could threaten national unity;

d) insult, libel and degradation.

3. An election campaign should not be implemented in a manner that encourages hatred between any religion, tribe, group, gender, language, or community.

4. Respecting the Article 407(d) of the Constitution, the Parties shall not "abuse religion for political purposes". When there is no other place for campaigning, the Parties may use places for social gathering in religious buildings, with the agreement of the religious organisations of the site.

## ၅။ လုံခြုံရေး

### ၅.၁။မဲဆွယ်စည်းရုံးရေးပွဲများတွင် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်။

၁။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အကြမ်းဖက်မှုကို ဖြစ်စေရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်လုပ်ဆောင်ခြင်းမပြုရန် တာဝန်ယူရမည်။ အခြားသော ပါတီများ၏ ပိုစတာများ၊ ကြော်ငြာများအား ဖျက်ဆီးခြင်း မပြုလုပ်ရ။ ၄င်းတို့၏ လူထုစည်းရုံးရေးများကြောင့် အကြမ်းဖက်မှုများ မဖြစ်စေရန်၊ အမုန်းတရား တိုးပွားမှုကို အားမပေးရန်၊ အစုအဖွဲ့များအကြားသော်လည်းကောင်း၊ လူ့အဖွဲ့အစည်း အကြားသော်လည်းကောင်း တင်းမာမှုများဖြစ်စေခြင်း (သို့မဟုတ်) ပိုမိုဆိုးရွားလာစေခြင်းများ ဖြစ်မလာစေရန် လုပ်ဆောင်ပါမည်။ ထိပ်တိုက်ပဋိပက္ခများ ဖြစ်ပွားခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်သော အစီအမံများအားလုံးကို မှန်ကန်ရိုးသားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ပါမည်။



## 5. Security

### 5.1 To maintain peace and stability while campaigning

1. The Parties undertake to speak out against violence, and not to contribute to it whether directly or indirectly. They must not destroy posters or advertisements of other Parties. They must ensure that their campaigns do not incite violence, encourage hatred, or cause or aggravate tensions between different groups or communities. They shall try in good faith to take all necessary measures to avoid violent confrontations.

၂။ မဲဆန္ဒရှင်များ၏ လုံခြုံရေးအတွက် ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများအကြား ပူးပေါင်းဆောင်ရွက်မှု ပြုရမည်။ ရွေးကောက်ပွဲများ ငြိမ်းချမ်းစွာ အောင်မြင်စေရေးနှင့် ပြည်သူများအကြား တည်ငြိမ်အေးချမ်းမှု ဖြစ်စေရန် ဤကျင့်ဝတ်ကိုလက်မှတ်ရေးထိုးသူများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကဲ့သို့သော တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**၅.၂။လက်နက်ကိုင်ဆောင်၍ မဲဆွယ်စည်းရုံးခြင်းမပြုရန်**

ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် လူထုအစည်းအဝေးပွဲများ ပြုလုပ်ရာတွင် မီးတုတ်များ၊ လက်နက်များ၊ ခဲယမ်းများ ကိုင်ဆောင်ခြင်း ချွန်မြသော၊ ဒုတ်၊ ဓါးရှည်၊ ဓါး အစရှိသည့် အန္တရာယ်ရှိသော လက်နက်များကို ပြသခြင်း သို့မဟုတ် အသုံးပြုခြင်းများ မပြုရန် ကတိပြုကြသည်။



2. The Parties shall cooperate with each other for the security of voters. They shall agree to cooperate with law enforcement services such as Myanmar Police Force to promote a peaceful electoral environment and maintain public order.

**5.2 To not campaign with arms**

The Parties, in public gatherings, commit not to carry torches, arms and ammunition, and not to display or use sharp and dangerous weapons such as sticks, swords, and knives.

## ၅.၃။လုပ်ငန်းစဉ်အပေါ် ချိုးဖောက်မှုနှင့် ဖြောင့်မတ် တည်ကြည်မှု

၁။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၄) အရ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အယောင်ဆောင်ခြင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲတစ်ကြိမ်ထက် ပိုပေးခြင်း (အကြိမ်ကြိမ် မဲပေးခြင်း)၊ လာဘ်ပေး၊ လာဘ်ယူခြင်း အစရှိသည့် ချိုးဖောက်မှုများတွင် ပါဝင်ခြင်းမပြုဟု ကတိကဝတ် ပြုသည်။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ကြိုတင် မဲပေးခြင်း လုပ်ထုံးလုပ်နည်းအား အလွဲသုံးစားမပြုရန် ကတိကဝတ်ပြုသည်။

၂။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ဖော်ပြပါ အကြောင်းအရာများ မဖြစ်ပေါ်စေရန် ဟန့်တားခြင်းနှင့် ဖြေရှင်းဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်ခွဲများ၊ လုံခြုံရေးနှင့် တရားရေး အာဏာပိုင်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ပါမည်။



## 5.3 Violations and the integrity of the process

1. In line with the respective Hluttaw Laws, Chapter XIV, the Parties commit not to engage in violations such as impersonation, casting votes more than once in the same election (multiple voting), and giving or taking bribes. The Parties also commit not to abuse the advanced voting procedures.

2. The Parties shall cooperate with UEC and sub-commissions, security and judicial authorities, and organizations active in electoral observation, in preventing and addressing the above issues.

၃။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အောက်ပါလုပ်ရပ်များ လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ပါမည်။

(က)မဲရုံများအတွင်း၊ သို့မဟုတ် မဲရုံအနီးဝန်းကျင်တွင် မဲရရှိရေးအတွက် ဥပဒေနှင့် ငြိစွန်းသည့် တရားမဝင် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ မဲရုံများအတွင်း ဝင်ရောက်နေခြင်းများ။

(ခ) မှားယွင်းသော ထုတ်ပြန်ကြေညာမှုများကို နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်ရေးသား၍သော် လည်းကောင်း ပြုလုပ်ခြင်း၊ မဲဆန္ဒရှင်များကို ထင်ယောင်ထင်မှား ဖြစ်အောင် ပြုလုပ်ခြင်း။

(ဂ) အထူးအကူအညီလိုအပ်သော မဲဆန္ဒရှင်များ၊ စာမတတ်သော သို့မဟုတ် အားနည်းချက်များရှိသော မဲဆန္ဒရှင်များအပေါ် လှည့်ဖြားခြင်း၊ ဖိအားပေးခြင်း သို့မဟုတ် ၄င်းတို့၏ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို အကန့်အသတ်ဖြစ်စေရန် အာဏာအလွဲသုံးစားလုပ်ခြင်း။



3. The Parties shall refrain from

a) acquiring votes through their presence inside polling stations or conducting illegal activities in the polling stations/ offices or their surroundings;

b) making false verbal or written declarations or attempting to mislead voters;

c) deceiving or exercising any form of pressure on voters with special needs, illiterate voters or those voters with limited capacity, or resorting to abuse of power to restrict voters’ freedom of choice;

(ဃ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲ စီမံခန့်ခွဲသူများ၏ လုပ်ငန်းတာဝန်များကို အနှောင့်အယှက်ပေးခြင်းနှင့် ၎င်းတို့ကို တံစိုးလက်ဆောင်ပေးခြင်း။

(င) မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းများကို အနှောင့်အယှက်ပြုခြင်း။

၄။ မဲဆန္ဒရှင်တို့၏ လွတ်လပ်စွာ မဲပေးပိုင်ခွင့် အခွင့်အရေးအား တားမြစ်ခြင်း (သို့မဟုတ်) ပါတီကိုယ်စားလှယ်များနှင့် စောင့်ကြည့်လေ့လာသူများ၏ လုပ်ငန်းဆောင်တာများကို မပြီးမြောက်နိုင်ရန် တားမြစ်ခြင်း စသည့်မည်သည့် အပြုအမူမျိုးကိုမျှ မပြုလုပ်ရ။ ထို့အတူ လုပ်ဆောင်ရန် အားပေးမှုမပြုရ။



d) interfering with the work of the Electoral Management Body of the Union Election Commission or offering them gifts

e) disrupting the operation of voting or vote counting.

4. The Parties shall not commit or cause to be committed any act of obstruction or detention in order to prevent voters from exercising their voting right or prevent party agents and observers from completing their tasks.

## ၅.၄။ မိမိတို့အား ထောက်ခံသူများနှင့် ထိတွေ့ဆက်ဆံခြင်း

၁။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အောက်ပါအချက်များကို လုပ်ဆောင်ပါမည်ဟု သဘောတူပါသည်။

(က) ပါတီ၏အောက်ခြေ အဆင့်ဆင့် အဖွဲ့အစည်းများ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များနှင့် လူထုစည်းရုံးရေးလုပ်ငန်းများတွင် ပါဝင်သူများအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ မည်သည့်အချိန်မှ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်းတို့ကို မပြုလုပ်ရန်။ ရပ်ရွာအေးချမ်းမှု ပျက်ပြားစေခြင်းနှင့် လူထုတည်ငြိမ်မှုကို အန္တရာယ်ဖြစ်စေသော၊ ပျက်စီးစေသော မည်သည့်လုပ်ငန်းများတွင်မဆို ပါဝင်ခြင်း မပြုရန် လမ်းညွှန်ချက်များ ထုတ်ပြန်ရန်။



## 5.4. Engagement with supporters

1. The Parties agree to:

   a. issue guidelines that strictly forbid their subordinates, candidates, members and those involved in their campaign from intimidating any person whatsoever at any time; and campaign against violence or threats of violence and against any act of vandalism or any act of disturbance of community peacefulness or endangering of public order.

(ခ) ဥပဒေနှင့် ဆန့်ကျင်မှုများကို လုပ်ဆောင်ရန် အတွက် မည်သည့်အသင်းအဖွဲ့၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ဘန်းပြရန်ရည်ရွယ်ပြီး ငှားရမ်းခြင်း၊ အသုံးပြုခြင်းတို့မှ ရှောင်ကြဉ်ရန်။

(ဂ) အကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက လူသိရှင်ကြား ပြစ်တင်ရှုတ်ချရန်၊ ပါတီတွင်းတွင် လိုအပ်သည့် စည်းကမ်းပိုင်းဆိုင်ရာ ဆောင်ရွက်ရန်ရှိသည်များကို သင့်တော်သကဲ့သို့ ပြုလုပ်သွားရန်၊ အပြစ်ကျူးလွန်မှုများကို အရေးမယူဘဲထားခြင်းအား တိုက်ဖျက်ရန်။

၂။ ကိုယ်စားလှယ်လောင်းများသည် ပါတီအရေး၊ ပါတီစည်းရုံးရေးများကို တာဝန်ယူ ဆောင်ရွက်နေသော ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် လှုပ်ရှားဆောင်ရွက်သူများ၏ အပြုအမူ၊ အပြောအဆိုများကို တာဝန်ခံရမည်။ ကိုယ်စားလှယ်လောင်းများသည် ပါတီစည်းရုံးရေးအတွင်း အသုံးပြုသည့်ပါတီမှ ပေးကမ်းသော စာရွက်စာတမ်းများအားလုံးသည် ၎င်းတို့၏ သဘောထားဖြစ်ကြောင်း ပြည့်စုံရှင်းလင်းစွာ၊ တိကျပြတ်သားစွာ အတည်ပြုဖော်ပြထားရမည်။



b. refrain from hiring (or using) any associations, or any person or body corporate as a façade to undertake illegal acts or acts.

c. upon the occurrence of acts of violence, denounce them publicly, and take the necessary disciplinary action within the Party when appropriate, and combat impunity.

2. Candidates are responsible for the behavior of the representatives and activists undertaking their campaigns; they must explicitly approve all documents in their campaign by endorsing them clearly.

## ၆။ <u>တန်းတူရည်တူ ယှဉ်ပြိုင်ခွင့်ရှိသော အခြေအနေ</u>

**၆.၁။မဲဆန္ဒရှင်များ၏ ဆန္ဒမဲကို လွှမ်းမိုးရန်သော် လည်းကောင်း၊ ခြိမ်းခြောက်ရန်သော်လည်းကောင်း ရည်ရွယ်၍ နိုင်ငံတော် အရင်းအမြစ်များနှင့် လုံခြုံရေး ယန္တရားများကို အသုံးမပြုရန်။**

၁။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အောက်ဖော်ပြပါများကို ဆောင်ရွက်ခြင်းမပြုရန် သဘောတူပါသည်။

(က) ဆုလာဘ်များ ချီးမြှင့်၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အလားတူ နည်းလမ်းများကို အသုံးပြု၍ဖြစ်စေ လုပ်ပိုင်ခွင့်အာဏာ အဆင့်အတန်းကို အလွဲသုံးစားပြုခြင်း၊ ရွေးကောက်ပွဲ ရည်မှန်းချက်အတွက် အထူးအခွင့်အရေးရယူခြင်း သို့မဟုတ် လွှမ်းမိုးခြင်း။

(ခ) နိုင်ငံတော်အဆင့်၊ ပြည်နယ်၊ တိုင်းအဆင့်၊ ဒေသန္တရအဆင့် သို့မဟုတ် အခြားသော နိုင်ငံတော်ပိုင် အရင်းအမြစ်များကို လူထုမဲဆွယ် စည်းရုံးရေးအတွက် အသုံးပြုခြင်း၊ သို့မဟုတ် ဥပဒေအရ ခွင့်ပြုထားသည့် နိုင်ငံရေးလုပ်ငန်းများတွင် အခြားသူများအား မပါဝင်နိုင်စေရန် လုပ်ဆောင်ခြင်း။



## 6. Level Playing field

**6.1 To not use state resources and security apparatus to threaten or influence voters.**

1. The Parties agree to refrain from:

a) abusing positions of power, influence or privilege for electoral purposes by offering rewards, using intimidation, or any other means.

b) using national-level, regional, local or any other state-owned resources for campaign purposes or to prevent others from engaging in political activities permitted by law.

၂။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ပြည်သူပိုင်ပစ္စည်းများအားအသုံးပြုပြီး ပြည်သူများထံမှ မဲရစေရန် ပြုလုပ်ခြင်း သို့မဟုတ် မဲဝယ်ခြင်းများ မပြုလုပ်ရန် ကတိကဝတ်ပြုသည်။ အစိုးရအဆင့်မြင့် အရာရှိများအနေဖြင့် ကိုယ်စားလှယ်လောင်းအတွက် ၎င်းတွင်ရှိသော ရာထူး၊ အခွင့်အာဏာနှင့် ငွေကြေး အရှိန်အဝါကိုအသုံးပြု၍ မဲဆွယ်ပေးခြင်း မပြုလုပ်ရ။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် တာဝန်နှင့်ဆက်စပ်သော သို့မဟုတ် ညွှန်ကြားချက်ကြောင့် ခရီးသွားနေရသည့်အခါတွင် မိမိတွင်ရှိနေသော လက်ရှိရာထူး၊ လုပ်ပိုင်ခွင့်များကို အသုံးချ၊ အသုံးပြု၍ မဲဆွယ် စည်းရုံးမှုမပြုရ။

**၆.၂။ မီဒီယာ**

၁။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည်

(က) မီဒီယာ လွတ်လပ်ခွင့်ကို လေးစားရပါမည်။

(ခ) ရွေးကောက်ပွဲ သတင်းယူနေကြသော သတင်းသမားများကို နှောင့်ယှက်ခြင်း၊ ပိတ်ပင် တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်းများကို မပြုလုပ်ရ။



2. The Parties shall commit not to obtain or buy votes using public property; a senior government official must not campaign for a candidate using his/her position, authority and financial means. When travelling under orders or in connection with duty assignments, a candidate must not use his/her current positions and authorities to conduct a campaign.

**6.2 Media**

1. The Parties should:
   a. respect the freedom of the media.
   b. not harass, obstruct, threaten, or assault journalists who are engaged in their professional activities

(ဂ) မိမိ သို့မဟုတ် မိမိပါတီ၏ မဲဆွယ်စည်းရုံးမှုများကို မီဒီယာများ၌ အသားပေးဖော်ပြရန်အတွက် သတင်းသမားများနှင့် မီဒီယာတိုက်များကို တံစိုးလက်ဆောင်ပေးခြင်း၊ စည်းရုံး သိမ်းသွင်းခြင်း မပြုလုပ်ရ။

၂။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် မီဒီယာအသုံးပြုခွင့်ကို အသာစီးရရှိရန်အတွက် ၄င်းတို့၏ ဩဇာအာဏာကို အလွဲသုံးစားမပြုရ။

**၆.၃။ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ အသုံးစရိတ်များဆိုင်ရာ စည်းမျဉ်းဥပဒေများကို လေးစားလိုက်နာရန်**

၁။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ရွေးကောက်ပွဲ အသုံးစရိတ်နှင့်ပတ်သတ်၍ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၂) နှင့် နည်းဥပဒေ အခန်း (၁၃) တို့ပါ မဲဆွယ်ပွဲ အသုံးစရိတ်များဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာရန် သဘောတူပါသည်။ ဤကျင့်ဝတ်၌ ရွေးကောက်ပွဲ အသုံးစရိတ်နှင့် ပတ်သက်၍ ထည့်သွင်း ဖော်ပြထားသော အချက်များသည် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ရှိနေရပါမည်။



c. not offer bribes or inducements to journalists or media houses to influence their coverage of campaigns.

2. None of the Parties shall abuse their office to gain unfair advantage in access to the media.

**6.3 To abide by the regulations relating to campaign expenditure**

1. The Parties agree to comply with the laws relating to campaign expenditures, in particular Chapter XII of of the Hluttaw Election laws and Chapter XIII of the By-Laws of the Hluttaw election laws. Any text in the CoC should be read in line with that guidance.

၂။ ဤကျင့်ဝတ်ကို လက်မှတ် ရေးထိုးသူများသည် မိမိတို့၏အမှတ်တံဆိပ်များ၊ ပိုစတာများကို အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ချိတ်ဆွဲရာတွင် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ကန့်သတ်ချက်များ၊ ဥပဒေများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါမည်။

၃။ မဲဆွယ်စည်းရုံးရာတွင် ဝေးလံသော ပြည်နယ်များအတွက် သွားရောက်ရန်ရှိပြီး၊ သွားရမည့် ခရီးစဉ် ရှည်လျားပါက (သို့မဟုတ်) သွားရောက်ရမည့်ဒေသသည် လေယာဉ်ပျံဖြင့် သွားရောက်မှသာ သင့်လျော်သည့်ဒေသဖြစ်ပါက အများပြည်သူ အသုံးပြုကြသော ခရီးသွားလေယာဉ်ပျံ (Commercial Flight) ဖြင့် သွားလာနိုင်သည်။ သို့ရာတွင် ရဟတ်ယာဉ်၊ သို့မဟုတ် စင်းလုံးငှားလေယာဉ်ပျံ အသုံးပြုခြင်းများကို ရှောင်ကြဉ်ရမည်။



2. The Parties commit to carry out all public postings, including but not limited to posters and billboards, in strict compliance with the regulations and limitations set by any city development committee and regional or State regulations on public display.

3. During campaigning, candidates are permitted to use commercial flights if travelling to distant locations or those locations that can only be reached by airplane; however, the use of helicopters or charter flights should be avoided.

## ၇။ ကျား-မ မတူကွဲပြားမှုနှင့် မသန်စွမ်းသူများ

၁။ ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်အားလုံးတွင် ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုး သူများသည် အမျိုးသမီး၊ လူငယ်နှင့် အသက်အရွယ်ကြီးရင့်သူ အားလုံးအပေါ် တန်းတူအခွင့်အရေးနှင့် လိုအပ်ချက်များ တန်းတူရှိစေရန် အားထုတ် ဆောင်ရွက်ရမည်။ လူ့အဖွဲ့အစည်းမှ ဖယ်ကြဉ်ခံထားရသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် ဝင်ငွေနည်းသူများ ပါဝင်လာနိုင်စေရန် အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးရမည်။ မဲဆွယ်စည်းရုံးသည့်အချိန်ကိုလည်း အိမ်ထောင်မှုတာဝန်ထမ်းဆောင်နေရသည့် အမျိုးသမီးများ အလွယ်တကူပါဝင်နိုင်သည့်အချိန် ဖြစ်စေရန် စီမံကြရမည်။

၂။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျား၊ မ မတူကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု သို့မဟုတ် အလားတူလုပ်ရပ်မျိုးကျူးလွန်ရန် မြှောက်ထိုးပင့်ကော်ခြင်း မပြုရ။ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများသည် ကျား၊ မ မတူကွဲပြားမှုအားနားလည်လက်ခံသော အခြေအနေသာ ဖြစ်ရမည်။ ထို့အတူ မသန်စွမ်းသူများအတွက်ပါ အခြေအနေကောင်းတစ်ခု ဖြစ်ရမည်။



## 7. Gender and differently abled people

1. The Parties shall strive, during all stages of the electoral process, to provide equal opportunities and criteria for the greater participation of women, youth and the elderly, and to make as much effort as possible to encourage and facilitate participation of marginalized, poor and low-income sectors of society. The time of campaigning should be arranged so as to enable women working in households to be easily able to participate.
2. The Parties shall not incite or encourage any person to commit gender-based violence. Campaigning for the election should be gender friendly and sensitive towards differently abled people.

## ၈။ စောင့်ကြည့် လေ့လာခြင်းနှင့် အကောင်အထည် ဖော်ခြင်း

**၈.၁။ ဤကျင့်ဝတ်အား လေးစားလိုက်နာခြင်းရှိမရှိ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် လိုအပ်သောအရေးယူဆောင်ရွက်မှုများပြုလုပ်ခြင်း လုပ်ထုံးလုပ်နည်းများရေးဆွဲရန်။**

ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရမည်။

(၁) အခြား ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများနှင့် ပုံမှန်ဆက်သွယ်မှုရှိစေရန် ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်ရမည်။

(၂) ဤကျင့်ဝတ်ကို အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရန်အတွက် ကျင့်ဝတ်လေ့လာ စောင့်ကြည့်ရေးကော်မတီ တစ်ရပ်ဖွဲ့စည်းပြီး အဆိုပါ ကော်မတီထဲတွင် ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ကျင့်ဝတ်များ အကောင်ထည်ဖော် လိုက်နာဆောင်ရွက်ရေးအတွက် တက်ကြွစွာ ပါဝင်ဆွေးနွေး ကူညီဆောင်ရွက်ကြရန် ကတိပြုသည်။ အဆိုပါ ကော်မတီသည် နိုင်ငံရေးပါတီများက မဲဆန္ဒနယ်များတွင် သင့်လျော်သလိုဖွဲ့စည်းထားသည့် ကော်မတီများနှင့် သတင်း အချက်အလက်များ ဖလှယ်ကာ လက်တွဲလုပ်ဆောင်သွားမည်။



## 8. Monitoring and implementation

**8.1 To establish a standard procedure for monitoring compliance and take actions The Parties shall:**

1. undertake the necessary efforts to maintain communication with the other Parties to the CoC
2. establish a "CoC Monitoring Committee" in which the Parties shall commit to actively participate so as to discuss and facilitiate the implementation of the CoC. The CoC Committee will rely on the communication each Party has with its various committees in constituencies as appropriate.

(၃) ဤကျင့်ဝတ်ကို လိုက်နာခြင်းရှိမရှိကို ပါတီအများစု၏ သဘောထားဆန္ဒဖြင့် ဆုံးဖြတ်ရမည်။ အကယ်၍ လိုအပ်ပါက ပူးတွဲကြေငြာချက်များ ရေးဆွဲထုတ်ပြန်၍ ရုတ်သိမ်းပေးရန် တောင်းဆိုနိုင်သည်။

(၄) ဤကျင့်ဝတ်ကို အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရာတွင် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှုအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အသိအမှတ် ပြုထားသည့် အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် တာဝန်သိစွာ လက်တွဲ လုပ်ဆောင်ရမည်။

(၅) ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးတွင် အခြားပါတီများအကြား ခွဲခြားဆက်ဆံမှု မရှိစေဘဲ အငြင်းပွားမှုများကို အမြန်ဆုံး အလွတ်သဘောဖြေရှင်းနိုင်ရန်အတွက် အဓိကသတင်း အချက်အလက် ဖလှယ်ရာနေရာဖြစ်သော ကျင့်ဝတ်လေ့လာ စောင့်ကြည့်ရေးကော်မတီသို့ သက်ဆိုင်ရာ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ ခန့်အပ်စေလွှတ်ရမည်။



3. decide at the majority whether the CoC has been followed or not. If necessary, they can issue joint statements to request a retraction.

4. in the implementation of the CoC, to be accountable to and work together with civil society organizations that have been accredited by the UEC for election observation.

5. appoint representatives from respective parties to the Committee, and use the Committee throughout the electoral process as a primary channel to exchange information so as to contribute to resolve disputes informally, without delay, and without any discrimination against other Parties.

(၆) အငြင်းပွားမှုတစ်ခုကို မဖြေရှင်းနိုင်၊ ဆုံးဖြတ်ချက် မချနိုင်သေးသည့် ကာလတစ်ခုအထိ ကျင့်ဝတ် လေ့လာစောင့်ကြည့်ရေး ကော်မတီသည် ၎င်းတို့ရရှိထားသည့် သတင်းအချက်အလက်များကို အပြင်သို့ မပေါက်ကြားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကော်မတီအား ပါတီတစ်ခု၊ ပါတီအစုအဖွဲ့ တစ်ခုအတွက် ဝါဒဖြန့်ချိရာနေရာ သို့မဟုတ် ပါတီတစ်ခု၊ ပါတီအစုအဖွဲ့ တစ်ခုအား တိုက်ခိုက်ဆန့်ကျင်ရာနေရာတစ်ခု မဖြစ်စေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းများ ပြုရမည်။

### ၈.၂။ဆက်သွယ်ရေး

၁။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ကျင့်ဝတ်ပါ အချက်အလက်များကို အများပြည်သူ နားလည်လွယ်သောပုံစံဖြင့် လူထုလူတန်းစားအစုံ၊ ထောက်ခံသူများ၊ အများပြည်သူများထံ အကျယ်ပြန့်ဆုံးရောက်ရှိနိုင်သော နည်းလမ်းများကို သတ်မှတ်ပေးရမည်။



6. respect the confidentiality of the CoC Monitoring Committee during the period when a dispute is still under scrutiny. All Parties must cooperate so as to ensure that the Committee does not become a place that promotes propaganda for, or attacks, an individual party or group of parties.

### 8.2 Communication

1. The Parties shall find ways to disseminate a simplified content of the CoC to the general public and the supporters.

၂။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် အချိန်မရွေး၊ နေရာမရွေး ယခုစာတမ်းနှင့် ပါဝင်သော အချက်များကို ထပ်မံဖြန့်ချိပေးရန်နှင့် အများပြည်သူ ပိုမိုသိရှိနားလည်စေရန် တာဝန်ယူရမည်။ ထို့အပြင် ၄င်းတို့၏ အရာရှိများ၊ ကိုယ်စား ဆောင်ရွက်ပေးသူများ၊ အဖွဲ့ဝင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ထောက်ခံသူများနှင့် အများပြည်သူများကိုပါ သိရှိအောင် အသိပညာပြန့်ပွားပေးရန် တာဝန်ရှိသည်။

၃။ ဤကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် ယခုကျင့်ဝတ်စာတမ်းပါ အဓိက မူဝါဒကျင့်ဝတ်များကို မိမိတို့အား ထောက်ခံသူများ သိရှိနားလည် လိုက်နာကျင့်သုံးနိုင်စေရေးအတွက် အတတ်နိုင်ဆုံး လေ့ကျင့်ပညာပေးခြင်း၊ ထိန်းကျောင်းခြင်းတို့ ပြုလုပ်ကြရမည်။



2. The Parties shall undertake to disseminate the CoC and encourage respect for the CoC on all occasions, and introduce the CoC to all of their officials, agents, members, activists, representatives and supporters and to the general public as well.

3. To this end, the Parties shall take all steps to educate and train their supporters; and to inform them consistently and to the greatest extent possible of the main rules and commitments of the CoC.

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် -

Secretariat of the Code of Conduct for
Political parties and candidates.
Tel : +95 1 534754, 512873, 507089 (Ext : 107)
Email: coc.secretariat@gmail.com

Email: coc.secretariat@gmail.com